# သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွား/ သေဆုံးမှုသတိပြု

**နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဩဂုတ် (၃) ရက်နေ့**



**ခြင်ကျားလောက်လမ်း**





**သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုးကို သယ်ဆောင်ပြီး နေ့ဘက်တွင်ကိုက်သည့် ခြင်ကျား**

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် မိုးရာသီ၌အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ယခုနှစ်တွင် အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်ရန် (၂၀၂၀) ပြည့်နှစ်၊ ဧပြီလ (၂၄) ရက်နေ့ အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပါသည်။
- သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး (Dengue Virus) သယ်ဆောင်ထားသော နေ့အချိန်တွင် ကိုက်လေ့ရှိသည့် ခြင်ကျား အကိုက်ခံရခြင်းကြောင့် ဖြစ်ပွားပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး၊ ကလေး/ လူကြီးမရွေး၊ ကျား/ မ မရွေး ဖြစ်နိုင်ပြီး အသက် (၁၅)နှစ်အထက် လူကြီးများတွင်ဖြစ်ပါက သေဆုံးမှုနှုန်း မြင့်မားပါသည်။
- ခြင်ကျားလောက်လမ်းသည် ရေကြည်ရေသန့်တွင် အဓိကပေါက်ပွားပါသည်။
- ထို့ကြောင့် မိမိနေအိမ်၊ ကျောင်းနှင့် ပတ်ဝန်းကျင်တွင် (၁)ပတ်လျှင် (၁)ကြိမ် ခြင်ကျားလောက်လမ်း ရှာဖွေပြီး လောက်လမ်းပေါက်ပွားမှု လုံးဝမရှိအောင် "ဖုံး၊ သွန်၊ လဲ၊ စစ်" ဆောင်ရွက်ခြင်း၊ အိုးအတွင်းပိုင်းကို တိုက်ချွတ်ဆေးကြောခြင်း စသည်ဖြင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။
- ပြည်သူများမှ မိမိတို့ နေအိမ်နှင့် ပတ်ဝန်းကျင်၊ အိမ်တိုင်း၊ ရပ်ကွက်တိုင်း၊ ရွာတိုင်း၊ မြို့တိုင်းတွင် ခြင်ကျားပိုးလောက်လမ်း မရှိအောင်နှိမ်နင်းခြင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါမဖြစ်အောင် ကာကွယ်နိုင်မည် ဖြစ်ပါသည်။
- သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်သော ကျန်းမာရေးအသိပညာပေး နှိုးဆော်မှုများကို ရပ်ကွက်၊ ကျေးရွာများတွင် လက်ကိုင်အသံချဲ့စက်ငယ်/ အသံချဲ့စက်များအသုံးပြု၍ အခြေခံကျန်းမာရေး ပညာရှင်ဝန်ထမ်းများနှင့် ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ လုပ်ဆောင်သွားရန်လိုအပ်ပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် ပြည်သူလူထု၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသအာဏာပိုင်များ အားလုံးက ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ပြည်သူ တစ်ဦးချင်းနှင့် မိသားစုများတွင် သွေးလွန်တုပ်ကွေးအန္တရာယ်ကင်းဝေးမည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- (၂၀၂၀) ပြည့်နှစ်၊ ကူးစက်ရက်သတ္တပတ် (epidemiological week) (၁) မှ (၂၈) အထိ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုများကို ဖော်ပြအပ်ပါသည်။
- သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ရပ်ကွက်၊ ကျေးရွာများတွင် ပြည်သူများကိုယ်တိုင် ဦးဆောင်ပါက ရောဂါဖြစ်ပွားမှုများ သိသာစွာလျော့နည်းကျဆင်းသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## (၂၀၂၀) ပြည့်နှစ်၊ (၁-၁-၂၀၂၀ မှ ၁၁-၇-၂၀၂၀) အထိ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွား/ သေဆုံးမှု

(၂၀၂၀) ပြည့်နှစ်၊ ဩဂုတ်လ (၃) ရက်


(၂၀၂၀) ပြည့်နှစ်၊ (၁-၁-၂၀၂၀ မှ ၁၁-၇-၂၀၂၀) အထိ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသူပေါင်း (၄၁၂၁) ဦးရှိပြီး သေဆုံးသူပေါင်း (၃၂) ဦးရှိပါသည်။ (၂၀၁၈) ခုနှစ်နှင့် (၂၀၁၉) ခုနှစ် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွား/ သေဆုံးမှုများနှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် သိသာစွာလျော့နည်း ကျဆင်းနေကြောင်း တွေ့ရှိရပါသည်။ သွေးလွန်တုပ်ကွေး ရောဂါအဖြစ်များသော တိုင်းဒေသကြီး/ ပြည်နယ် (၅) ခု မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ ဖြစ်ကြပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု၏ (၈၉%) မှာ (၁၅) နှစ်အောက် ကလေးများတွင် ဖြစ်ပွားပြီး၊ (၆၈%) သည် ကျေးလက်ဒေသများတွင် ဖြစ်ပွားနေကြောင်း တွေ့ရှိရပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
# ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွား/သေဆုံးမှု အစီရင်ခံစာ


၂၀၂၀-ခုနှစ်၊ ကူးစက်ရက်သတ္တပတ် (၂၈)၊ ၁၁.၇.၂၀၂၀) အထိ

| သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု | သွေးလွန်တုပ်ကွေးရောဂါသေဆုံးမှု |
|---|---|
| ၄၁၂၁ | ၃၂ |
| Data Source- VBDC, State and Regional Health Department | |

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွား/သေဆုံးမှုမြေပုံ
၂၀၂၀-ခုနှစ်၊ ရက်သတ္တပတ်(၁) မှ (၂၈)၊ (၁-၁-၂၀၂၀ မှ ၁၁-၇-၂၀၂၀)ထိ




သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုရေး အခြေအနေပြပုံ
၂၀၁၇ မှ ၂၀၂၀-ခုနှစ်၊ ရက်သတ္တပတ်(၁) မှ (၂၈)၊ (၁-၁-၂၀၂၀ မှ ၁၁-၇-၂၀၂၀)ထိ




| ခုနှစ် | သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု |
|---|---|
| ၂၀၁၇ | ၃၁၂၈၈ |
| ၂၀၁၈ | ၁၃၂၇၃ |
| ၂၀၁၉ | ၂၄၁၇၈ |
| ၂၀၂၀ | ၄၁၂၁ (ရက်သတ္တပတ် ၂၈ ထိ ) |